





# စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ မင်းကင်းမြို့နယ်၊ မတောကျေးရွာကို အကြမ်းဖက် စစ်အုပ်စုက ပေါင်(၂၅၀)ဗုံးများ အသုံးပြုကာ ဂျက်လေယာဉ်ဖြင့် ဗုံးကြဲချတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်

ဇွန်လ (၃) ရက်၊ ၂၀၂၄ ခုနှစ်

“

# ဖြစ်စဉ်အကျဉ်း

၂၀၂၄ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့ နံနက် (၈) နာရီခန့်၊ မင်းကင်းမြို့နယ်၊ မတောရွာသို့ မကွေးဘက်မှ တက်လာသည့် အကြမ်းဖက်စစ်အုပ်စု၏ ဂျက်ဖိုက်တာဖြင့် **ပေါင် ၂၅၀ ဗုံးသီး ၂ လုံးကြဲချခဲ့** - မတောရွာအပြင်ဘက်သို့ (၁) လုံး၊ မတောရွာ အတွင်း ကျင်းပနေသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ရဲမေ ဒေါ်နှင်းဆီ (ခ) မဒေါင်းနီ၏ မင်္ဂလာဆောင်သည့် နေရာအပေါ်တည့်တည့်သို့ (၁) လုံး၊ စုစုပေါင်း (၂) လုံးကျရောက်ခဲ့ - ပွဲလာသောဧည့်သည်များ၊ ကလေးငယ်များ၊ အမျိုးသမီးများနှင့် **အပြစ်မဲ့ပြည်သူ (၂၈) ဦး ပွဲချင်းပြီးသေဆုံးခဲ့**ရသည်။




အခင်းဖြစ်ပွားရာနေရာ

# “ အကြမ်းဖက်စစ်အုပ်စုက ဗုံးကြဲတိုက်ခိုက်မှုကြောင့်



**အကြမ်းဖက်မှုကြောင့် သေဆုံးသွားသည့် ပြည်သူများ၏ ရုပ်အလောင်းများ**

ထိခိုက်ဒဏ်ရာရရှိသူများကို ရွှေ့ပြောင်းကယ်ဆယ်ရင်းသေဆုံးခဲ့ရသူ (၅) ဦးရှိခဲ့ပြီးထိုဖြစ်စဉ်တွင် **စုစုပေါင်း (၃၃) ဦးသေဆုံးခဲ့ရသည်။**

အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ ပြည်သူစုစုပေါင်း (၆၄) ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြည်သူပိုင်ပစ္စည်းအများအပြား ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စုက **ရေကြောင်းဖြင့်သွားလာနေသည့် ပြည်သူ (၁)ဦး ကိုလည်း သေနတ် ဖြင့် ပစ်ခတ်သဖြင့် သေဆုံးခဲ့ကြောင်း**သိရသည်။

# အကြမ်းဖက်စစ်အုပ်စု၏ ပစ်ခတ်မှုကြောင့်သေဆုံးဒဏ်ရာရသည့် ပြည်သူများစာရင်းအား Gender အလိုက်ဖော်ပြခြင်း

**အကြမ်းဖက်တိုက်ခိုက်ခြင်းကြောင့် သေဆုံးသည့် အမျိုးသား**
(၁၅)ဦး

**အကြမ်းဖက်တိုက်ခိုက်ခြင်းကြောင့် သေဆုံးသည့် ပြည်သူ(၆)ဦးအား ကျား/မ စုံစမ်းဆဲဖြစ်ပါသည်။**

**အကြမ်းဖက်တိုက်ခိုက်ခြင်းကြောင့်သေဆုံးသည့်အမျိုးသမီး**
(၁၃)ဦး

**သေဆုံးသည့်စာရင်းတွင် ၁၈နှစ်အောက် ကလေး ၅ ဦး ပါဝင်ပြီး အသက်အငယ်ဆုံး ကလေးမှာ (၂) နှစ်သမီး ကလေးငယ်ဖြစ်သည်။**
**ဒဏ်ရာရသည့်စာရင်းတွင် ၁၈နှစ်အောက် ကလေး ၁၇ ဦး ပါဝင်ပြီး အသက်အငယ်ဆုံး ကလေးမှာ (၃) နှစ်အရွယ် ယောကျ်ားလေး တဦးဖြစ်သည်။**

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသည့် ပြည်သူ(၆၄)ဦး

ထိခိုက်ဒဏ်ရာရသည့် ပြည်သူ(၇)ဦးအား ကျား/မ စုံစမ်းဆဲဖြစ်သည်

ကျား-၃၁ ဦး

မ-၂၆ ဦး

# ပြည်သူပိုင်ပစ္စည်းများ ပျက်စီးမှု သက်သေမှတ်တမ်းဓာတ်ပုံများ







"

မတောရွာသည် အရပ်သားပြည်သူရွာသာဖြစ်ပြီး တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အကြောင်းမဲ့ ပစ်မှတ်ထား တိုက်ခိုက်ခံရခြင်းဖြစ်သည်။အကြမ်းဖက် စစ်အုပ်စု အနေဖြင့် စစ်ပွဲဆိုင်ရာရာဇဝတ်မှုကို ပြောင်ပြောင်တင်းတင်း ချိုးဖောက် ကျူးလွန်သည်မှာ ထင်ရှားသည်။